
ဘာသာပြန် စာရေးဆရာ - 8Black Hands
သက်တန့်ရောင်မိန်းမပျို
(ယွီရှောင်ချောင်း)
(Chapter 686 - 699)
စာစဉ် - ၅၀

# အခန်း ၆၈၆
## ဧကရာဇ်၏အမိန့်ကို လက်ခံရရှိခြင်း

ကြင်ယာတော်မင်းသမီးကျင်းက မိန်းမပျိုလေး၏ စိတ်ထားကို အတော်လေး သဘောကျနေသည်။ သူမက အသေးအဖွဲ့ကိစ္စတွေကို ဂရုမစိုက်ပေမယ့် ရှေးရိုးဆန်ပြီး ယဉ်ကျေးသိမ်မွေ့နေဆဲပင်။ သူမနှလုံးသားကို ဖိထားတဲ့ ကျောက်တုံးကို နောက်ဆုံးတွင် ဖယ်ရှားခဲ့နိုင်ပြီ။ နောက်ဆုံးတော့လည်း သူမရဲ့ သားတွေအားလုံးက အမြင်ကောင်းတွေ ရှိကြတာပဲ! သူမရဲ့ ချွေးမသုံးယောက်လုံးကို သဘောကျတယ်!!

"အားလုံး ခဏနားပြီး မုန့်နဲ့ သစ်သီးဖျော်ရည်တွေ သုံးဆောင်ကြပါဦး။ ဒီလှုပ်ရှားမှုက အားလုံးပျော်ဖို့အတွက်ပဲ၊ ဒါကြောင့် ကိုယ့်ကိုယ်ကို ပင်ပန်းအောင် မလုပ်ကြပါနဲ့! မင်းတို့ ဒီနေ့ လုပ်ထားတဲ့ ကိတ်မုန့်တွေကို အိမ်ပြန်ယူချင်တယ်ဆိုရင်လည်း တို့အိမ်တော်က ထည့်ဖို့ဘူးတွေ ပေးထားပါတယ်!"

ယွီရှောင်ချောင်းက ကလေးများ၊ မိန်းမပျိုများနှင့် အိမ်ထောင်ရှင်အမျိုးသမီးငယ်များ ဘယ်လောက်တောင် စိတ်လှုပ်ရှားနေတယ်ဆိုတာ မြင်တွေ့ပြီးနောက် သူတို့ကို သတိပေးလိုက်သည်။

ကျူးကျွင်းယာက သူမလက်ထဲမှ နူးညံ့သိမ်မွေ့သော တီရာမီဆူ ကိတ်မုန့်အပိုင်းလေးကို ခပ်တည်တည်ပဲ ယူလိုက်ကာ သူမမယ်တော်ကို ဦးစွာ ကမ်းပေးပြီးနောက် အနာဂတ်ယောက်မလောင်းဆီ နောက်ထပ် တစ်ပိုင်း ပေးလိုက်သည်။ ထို့နောက် ရှောင်ချောင်း ကိုင်ဆောင်ထားတဲ့ ဗန်းပေါ်မှ

ကိတ်မုန့်အားလုံးကို ယူလိုက်ပြီး ပါးစပ်ထဲသို့ အပိုင်းတစ်ခု ထိုးထည့်လိုက်သည်။ သူမ ကိတ်မုန့်ကို ပျော်ရွှင်စွာ အရသာခံရင်း ငြီးတွားလိုက်သည်။

"ဒါတွေအားလုံးက မင်းအပြစ်တွေပဲ။ မင်းလုပ်ထားတဲ့ ကိတ်မုန့်တွေနဲ့ သကြားလုံးတွေက အရမ်းအရသာရှိတော့ ခုတလော ငါ ဝိတ်တောင် နည်းနည်းတက်လာပြီ!"

"ဒီလိုပြောရတာ မရှက်ဘူးလား! မင်းကလေးတွေအတွက် မင်းယောက်မတွေ ပို့ပေးတဲ့ မုန့်နဲ့သကြားလုံးတွေကို မင်းပဲ အများကြီး စားနေပြီး ခုမှ သူ့ကို သွားအပြစ်တင်နေတယ်။ ဒါ ယောက်မတစ်ယောက် ပြုမူရမယ့်ပုံလား? ချောင်းအာက သဘောကောင်းတဲ့သူမလို့သာပေါ့။ တခြားသူသာဆို မင်းကို လျစ်လျူရှုထားလိမ့်မယ်!"

ကြင်ယာတော်မင်းသမီးကျင်းက ကိတ်မုန့်တစ်ဖဲ့ စားပြီးတာနဲ့ ပါးစပ်ကို လက်ကိုင်ပဝါနဲ့ သုတ်လိုက်သည်။ ထို့နောက် သူမက ကျူးကျွင်းယာ၏ လက်မောင်းကို ရိုက်ကာ ဆူလိုက်သည်။

"မယ်တော်၊ ကျေးဇူးပြုပြီး အားလျော့ပါဦး! သမီးလက်ကို ချိုးလိုက်တာ အရေးမကြီးဘူး။ ကိုင်ထားတဲ့ တီရာမီဆူကိတ်ကိုတော့ မှောက်အောင် မလုပ်ပါနဲ့!"

ကျူးကျွင်းယာက ကိတ်မုန့်ကို စိုးရိမ်စွာ ကြည့်ကာ ပါးစပ်ထဲ နောက်ထပ် ကိတ်မုန့်တစ်ခု ထည့်ပြီး ဆက်ပြောလိုက်သည်။

"ယောက်မလေးက စိတ်သဘောထား သေးသိမ်တဲ့သူ မဟုတ်ဘူးဆိုတာ သမီးသိလို့ အခုလို ပြောတာပေါ့။ ထူးဆန်းတဲ့ စိတ်ထားရှိတဲ့သူ တစ်ယောက်ဆို မယ်တော့်သမီးက သူ့ကို ဟန်ဆောင်အပြုံး ပြုံးပြနိုင်ပါတယ်!"

"မင်း... မင်း! အမေတစ်ယောက်တောင် ဖြစ်နေပြီ။ စိတ်က အခုထိ မ

ရင့်ကျက်သေးဘူး။ ငါ့သားမက်ကလည်း မင်းကို ထိန်းဖို့တောင် မကြိုးစား ဘူး!"

ကြင်ယာတော်မင်းသမီးကျင်းက သမီးဖြစ်သူ၏ နဖူးကို လက်ညှိုးဖြင့် တောက်လိုက်သည်။

ကျူးကျွင်းယာက တခစ်ခစ်ရယ်ရင်း

"အမေရဲ့ သားမက်က သမီးစရိုက်ကို သဘောကျလို့ ပြောင်းလဲစရာ မလို ဘူးဆိုပြီး ယုံကြည်ထားတယ်လေ။ မိန်းမတစ်ယောက်ရဲ့ ဂုဏ်က ယောကျ်ားအပေါ် မှီတည်နေတာ။ ယောကျ်ားဖြစ်သူက သန်မာပြီး ထူးချွန် နေရင် သူနဲ့ သူ့မိန်းမကို ဘယ်သူက နှိမ်ရဲမှာလဲ။ မောင်လေးကို ဥပမာ ကြည့်လေ။ သူက စစ်တပ်ကနေ ပြန်လာပြီး ကိုယ်ပိုင်စွမ်းရည်ကြောင့် ဂုဏ်ထူးဆောင်ဘွဲ့တစ်ခု ရခဲ့တယ်။ ရလဒ်အနေနဲ့ နောက်ဆို ယောက်မ လေး ဘယ်သွားသွား တခြားသူတွေ ချီးကျူးတာကို ခံရတော့မှာ။ ဒီနေ့ ပွဲကို လာတဲ့သူတွေရဲ့ ထက်ဝက်လောက်က သမီးမောင်နဲ့ ယောက်မလေးကြောင့် လာကြတာတွေ!!"

"အဓိပ္ပါယ်မရှိတာတွေ ပြောမနေနဲ့! တစ်ယောက်ယောက်က ကြားသွား ရင် သူတို့က မင်းကို အဓိပ္ပါယ်မရှိတာတွေ နှုတ်ဖွာလို့ဆိုပြီး ဝေဖန်ကြလိမ့် မယ်!"

ကြင်ယာတော်မင်းသမီးကျင်းက သူမ၏ စိတ်မချရသော သမီးရှေ့တွင် ပြောစရာစကား ပျောက်ရှနေတော့သည်။ သူမသမီးက ဘာပဲဖြစ်နေနေ စိတ်ထဲရှိတာ ပြောတတ်တဲ့သူ။ တခြားသူတွေ စိတ်အနှောင့်အယှက် ဖြစ်မှာ ကိုတောင် မကြောက်ဘူး!

"လူတစ်ယောက်ရဲ့ ဘဝသက်တမ်းက ဆယ်စုနှစ်အနည်းငယ်ပဲ ရှိတာ။ တခြားသူတွေရဲ့ ဝေဖန်မှုတွေ၊ ချီးကျူးမှုတွေကိုလိုက်ပြီး ကိုယ့်တန်ဖိုးကို

တွက်ချက်ကြတဲ့ ကမ္ဘာမှာ ဘာလို့နေရမှာလဲ။ မယ်တော်၊ ဒီအတွက်နဲ့ သမီး ဆုံးရှုံးမှာကို အမေ စိုးရိမ်နေတာမှန်း သိပါတယ်။ ဒါပေမယ့် သမီးက အနိုင်ကျင့်တာကို ပါးစပ်လေးပိတ်ပြီး ခံနေမယ့်သူမျိုးမှ မဟုတ်တာ။ သမီး မကိုင်တွယ်နိုင်တဲ့သူ ရှိရင်တောင် ကူညီဖို့ အမေ့သားမက်တစ်ယောက်လုံး ရှိတယ်မလား?"

ဝိုး… သူမက သူမရဲ့ ချစ်ကြည်နူးတဲ့ အချစ်ရေးကို ထုတ်ကြွားတဲ့နေရာမှာ တကယ်တော်တာပဲ!

ကျူးကျွင်းယာက နောက်ထပ် ကိတ်မုန့်တစ်ခုကို ဟန်ရှောင်းမူရဲ့ ပါးစပ်ထဲ ထည့်ပေးလိုက်သည်။ ယောက္ခမနဲ့ ယောင်းမကြီးတို့ကြားက စကားဝိုင်းကို တိတ်တဆိတ် နားထောင်ရင်း တီရာမီဆူရဲ့ ရှုပ်ထွေးတဲ့ အရသာတွေကို မြည်းစမ်းကြည့်လိုက်သည်။ သူမရှေ့က လူသုံးယောက်ရဲ့ နောက်ခံကို မသိရင် သူမ အရှုံးတစ်ယောက်ပဲ ဖြစ်လိမ့်မည်။ သူမသည် စာတတ်မြောက်မှု၊ စစ်ပွဲ၊ စစ်ရေးဗျူဟာနှင့် နည်းပရိယာယ်များကို ကျွမ်းကျင်တာကြောင့် သူမက ဘာလို့ အရှုံးဖြစ်ရမှာလဲ?

ကျူးကျွင်းရှီ ဒီကောင်စုတ်!! သူ့အမေ ကြင်ယာတော်မင်းသမီးကျင်းရော ဒီပွဲကို လူကိုယ်တိုင် တက်ရောက်မယ်လို့ သူမကို ဘာလို့မပြောတာလဲ။ သူ့အမေ ရုတ်တရက် ပေါ်လာတာကြောင့် သူမ အံ့အားသင့်သွားခဲ့သည်။ ကံကောင်းထောက်မစွာ သူမက ထိုသို့သော အခြေအနေမျိုးတွင် သူမ၏ အမူအယာတွေကို ဘယ်လိုထိန်းချုပ်ရမည်ဆိုတာ သင်ယူထားတာကြောင့် ရှက်ရွံ့မှုကြောင့် မြေပြင်တွင် အက်ကြောင်းတစ်ခုရှာပြီး ဝင်ပုန်းနေဖို့ မလိုအပ်ပေ။ အစောပိုင်းက သူမ၏ ပြောစကားများနှင့် အပြုအမူများကို ကြိုးစားပြန်ခေါ်လိုက်တဲ့အခါ စည်းကျော်ပြောမိတာ ဒါမှမဟုတ် စော်ကားသည့် တစ်စုံတစ်ရာ ပြောဆိုခြင်းမျိုး မရှိခဲ့ကြောင်း သဘောပေါက်သွား

သည်။ ဟန်ရှောင်းမူ စိတ်သက်သာရာရသွားရ၏။ သူမ ဒါကိုမှတ်ထားပြီး ပြန်သွားတာနဲ့ အဲ့ဒီကောင်ကို သင်ခန်းစာတစ်ခု ပေးရမယ်!

"မိန်းကလေးဟန်... မိန်းကလေးဟန်!"

သူမ၏ ယောက်မလောင်းက ဟန်ရှောင်းမူ၏ အတွေးများကို ဖြတ်တောက်ကာ ခေါ်လာ၏။ သူမ ခေါင်းမော့လိုက်တော့ ကျူးကျွင်းယာက သူမကို မေးနေတာ ကြားလိုက်ရသည်။

"မိန်းကလေးယန်လျိုက ဟိုနားမှာ တီရာမီဆူလုပ်နည်း သင်ပေးနေတယ်။ မင်း စမ်းလုပ်ကြည့်ချင်လား"

ဟန်ရှောင်းမူက ခေါင်းခါပြလိုက်ရင်း ပြုံးပြီး ပြောလိုက်သည်။

"ကျွန်မက ကိုးယို့ကားယားနိုင်တယ်။ ဒါကြောင့် ဒီနူးညံ့သိမ်မွေ့တဲ့ မုန့်လုပ်နည်းကို လေ့လာဖို့ မဖြစ်နိုင်ဘူး။ ရိုးရှင်းတဲ့ ကွက်ကီးလုပ်နည်းကိုပဲ ပြီးပြည့်စုံအောင် ကြိုးစားလုပ်တာ အကောင်းဆုံးလို့ ထင်တယ်"

ကြင်ယာတော်မင်းသမီးကျင်းက ထိုစကားကိုကြားတော့ ခေါင်းညိတ်သည်။ သူမစိတ်ထဲတွင် ဟန်ရှောင်းမူက မိန်းမကောင်းတစ်ယောက်ဟု ယုံကြည်သည်။ သူမက လုပ်နိုင်တာထက် ပိုမယူပေ။

ဒါကို ကျူးကျွင်းယာ ကြားတာနဲ့ သူမလည်း တီရာမီဆူလုပ်နည်းကို သင်ယူဖို့ စိတ်ကူးအား ပယ်ချလိုက်သည်။

"ဒါဆို ကျွန်မလည်း မပါတော့ပါဘူး။ အငယ်ဆုံးကလေးနှစ်ယောက်ကို စောင့်ကြည့်ရဦးမယ်။ နောက်ထပ် ကွတ်ကီးတွေ ထပ်လုပ်ပြီး အမျိုးသားနဲ့ တခြားကလေးတွေ မြည်းကြည့်လို့ရအောင် အိမ်ယူသွားမယ်! မိန်းကလေးဟန်၊ ခွင့်ပြုပါဦးနော်။ ကျွန်မ ကလေးတွေကို သွားကြည့်လိုက်ဦးမယ်!"

ကြင်ယာတော်မင်းသမီးကျင်းကတော့ ပင်ပန်းလို့ အနီးနားရှိ မဏ္ဍပ်တွင်

အနားယူချည်ဦးမည်ဆိုပြီး ခွင့်တောင်းကာ ထွက်သွားသည်။ သားအမိနှစ်ယောက် ထွက်ခွာသွားတာ မြင်ပြီးနောက် ဟန်ရှောင်းမူ သက်သာရာရသွားသည်။ ရက်ရောပြီး ထက်မြက်တဲ့သူတစ်ယောက် ဖြစ်ပေမယ့် သူ့အနာဂတ်ယောက္ခမနဲ့ ယောက်မရှေ့မှာ စိတ်မသက်မသာ ဖြစ်နေမိတုန်းပဲ။

ရှောင်ချောင်းက သူမ၏ လင်ညီအစ်မနှင့်အတူ ပျော်ရွှင်နေခဲ့သည်။ ရိုးရှင်းပြီး စိတ်ဖတ်ရလွယ်တဲ့သူတွေကို စိတ်ထဲမှာ မကောင်းတဲ့ အတွေးတွေဖုံးကွယ်ထားသူတွေထက် သူမ ပိုကြိုက်သည်။

"မိန်းကလေးဟန်၊ အနုစိတ်တဲ့ ဓားပုံစံကွတ်ကီးတွေ လုပ်ချင်တယ်ဆိုရင် ပုံစံခွက်တစ်ခု သုံးရလိမ့်မယ်။ လက်နဲ့ ပုံသွင်းမယ်ဆို အတွေ့အကြုံ အများကြီးရှိမှ လုပ်နိုင်လောက်တယ်!"

ကွတ်ကီးမုန့်သားကို ဓားပုံသဏ္ဍာန်ဖြစ်အောင် ဆုပ်နယ်နေတာကို မြင်တဲ့အခါ ယွီရှောင်ချောင်း မနေနိုင်ဘဲ သတိပေးလိုက်သည်။

ဟန်ရှောင်းမူက ပုံစံခွက်များထားသည့်နေရာကို တစ်ချက်ကြည့်လိုက်သည်။ သူမက စိတ်ပျက်စွာဖြင့် ခေါင်းယမ်းလိုက်ပြီး

"ဒါပေမယ့် ဓားနဲ့တူတဲ့ ပုံစံခွက်ကို ကျွန်မ မတွေ့မိဘူးလားလို့..."

"မင်းအတွက် တစ်စုံတစ်ယောက်ကို လုပ်ခိုင်းလို့ရပါတယ်! ပုံစံခွက်လုပ်တာက ကိစ္စကြီးမဟုတ်လို့ ဓား၊ လှံ ဒါမှမဟုတ် အခြားလက်နက်ပုံသဏ္ဍာန်တွေ လိုချင်ရင်တောင် အရေးမကြီးဘူး။ မင်းအတွက် လက်နက်တစ်ခုထွင်းဖို့ လက်နက်တွေနဲ့ ရင်းနှီးတဲ့သူကို တောင်းဆိုလို့ရတယ်လေ!"

ရှောင်ချောင်းက သူမရဲ့ဒုတိယခဲအို ကျူးကျွင်းရှီက သူ့တူများကို စနောက်ဖို့ သစ်သားနဲ့ တိရိစ္ဆာန်ကောင် သေးသေးလေးအချို့ကို ထွင်းထုနေတာမြင်တွေ့ခဲ့သည်။ ထို့ကြောင့် ရိုးရှင်းတဲ့ ပုံသဏ္ဍာန်တွေကို ဘယ်လိုပုံဖော်ရ

မယ်ဆိုတာ သူသိနေကြောင်း သူမ ပြောနိုင်သည်။

ဟန်ရှောင်းမူက သူမကို မော့ကြည့်လိုက်သည်။ ထို့နောက် သူမအစေခံကို လှမ်းခေါ်လိုက်ပြီး အစေခံလေး၏နားနားတွင် တိုးတိုးလေး ကပ်ပြောလိုက်သည်။ အစေခံက သူမ၏အမိန့်ကို လက်ခံပြီးနောက် ဝါးတောတည်ရှိရာ ဥယျာဉ်ဘက်သို့ ဦးတည်သွားခဲ့၏။ ယွီရှောင်ချောင်းက ကွက်ကီးများပေါ်တွင် ဖြည့်စွက်စာများကို အညီအမျှဖြန့်နည်းတချို့ သူမအား အကြံပေးသင်ကြားလိုက်သည်။ ဟန်ရှောင်းမူက ရှောင်ချောင်းဆီမှ အကြံဉာဏ်များစွာ ရရှိခဲ့သည်။ ကွတ်ကီး ဒုတိယတစ်သုတ် ဖုတ်ပြီးသွားပြီ။ မြင်းပုံသဏ္ဌာန်ကွတ်ကီးများက အတော်လေး ကောင်းမွန်လာသည်။

နေ့လယ်စာကို ကိုယ်တိုင်ယူစားစနစ်ဖြင့် ခင်းကျင်းထားသည်။ ဥယျာဉ်၏အနောက်မြောက်ဘက်တွင် ဟင်းသီးဟင်းရွက်နှင့် အသားဟင်းမျိုးစုံတို့ကို တည်ခင်းထားသည်။ စားပွဲအားလုံးတွင် ပန်းကန်ပြားများဖြင့် ပြည့်နေသည်။ ရှောင်ချောင်း ပြောသလိုပင် ကျိန်ရှုံစားသောက်ဆိုင်နဲ့ ဆေးဖက်ဝင်ဟင်းလျာဆိုင်တို့မှ ထင်ရှားကျော်ကြားတဲ့ ဟင်းလျာများအားလုံး ရှိနေ၏။ ကျိန်ရှုံစားသောက်ဆိုင်မှ မှာယူသည့် ဟင်းလျာများမှာ အသီးအနံ့ ဘဲကင်အကြွပ်ကြော်၊ အရိုးမပါတဲ့ ကြက်ကင်၊ ရတနာရှစ်မျိုး ဘဲကင်၊ ခရင်မ်ဆော့စ်ဆမ်း ငါးပေါင်း၊ ထင်းရှူးစေ့ ငါးပေါင်း၊ ကင်းမွန်ငါးပေါက်စွပ်ပြုတ်၊ ငါးမန်းဆူးတောင်စတူး၊ ဆော့စ်ဆမ်းဝက်လက်ပြုတ် …

ဆေးဖက်ဝင်ဟင်းလျာဆိုင်မှ နာမည်ကြီး ဟင်းလျာများစွာလည်း ရှိ၏။ သေချာပေါက် အကျော်ကြားဆုံး ဟင်းလျာဖြစ်တဲ့ အဏ္ဏဝါဟင်းချိုက မပါမဖြစ်ပေ့။ ခူမှိုပြုတ်ထားတဲ့ ဘဲသားပြုတ်၊ မျောက်ဥကျိုရည်၊ ဆူးနှင်းဆီပါဝက်ဗိုက်စွပ်ပြုတ်၊ ဆင်တုံးမနွယ်အမြစ်ပါ သိုးသား၊ ပဲနီနှင့် မြေပဲပါဝင်သည့် ငါးကြင်းစွပ်ပြုတ်၊ အစွမ်းထက်သော အားဆေးဆယ်မျိုးပါ ဟင်းချို၊

ကြက်သားပြား ကျူးလစ်ပန်းချက်၊ အဆီနည်းသည့် ဝက်သားဖြင့် သဘော်သဖန်းသီးပြုတ်၊ လတ်ဆတ်သော ပါဝင်ပစ္စည်းသုံးမျိုးနှင့်အတူ ကမာဟင်းချို ...စတဲ့ ဟင်းလျာများ ပါဝင်၏။

ဒါတွေအားလုံး ကြင်ယာတော်ရှု၏ ဆိုင်ဖြစ်တဲ့ ဆေးဖင်ဝင်ဟင်းလျာဆိုင်မှ အရောင်းရဆုံးများ ဖြစ်သည်။ မြည်းစမ်းကြည့်ဖို့ ရှားရှားပါးပါး အခွင့်အရေးတစ်ခုပင်။ အိမ်ထောင်သည်အမျိုးသမီး အတော်များများက ထို ဆေးဖက်ဝင်ဟင်းလျာများကို မြည်းစမ်းကြည့်ချင်နေကြတာ ကြာပြီမို့ ထိုသို့သော အခွင့်အရေးကို လက်လွတ်မခံပေ။ လူတိုင်းက အတူတူနဲ့ အနူနူ ပဲဆိုတော့ တစ်ယောက်နဲ့တစ်ယောက် ရှက်နေစရာ မလိုတော့ဘူး!

နေ့လယ်စာ ပြီးသောအခါ မျိုးရိုးမြင့် မိန်းမပျိုလေးတို့ ပြုလုပ်တဲ့မုန့်များ ဖုတ်ပြီးသွားသည်။ ကိတ်မုန့်လုပ်နည်းကို နှစ်သက်ကြသော်လည်း ပြိုင်ပွဲ စည်းကမ်းကိုတော့ လေးစားကြသည်။ ထို့ကြောင့် သူတို့ အကျေနပ်ဆုံးကို ရွေးပြီး နံပါတ်များ တန်းစီရေးကာ ပေါလောပေါ်နေတဲ့ ငွေဗန်းပေါ်တွင် တင်ထားလိုက်ကြသည်။ မုန့်များက ကြည်လင်ပြတ်သားသော တူးမြောင်း တစ်လျှောက် မျောလာကာ ထူးချွန်သော ပညာရှင်များဆီသို့ ဦးတည်သွား ကြသည်။

မြို့တော်မှ ထူးချွန်သည့် ပညာရှင်များက အသွင်အပြင်၊ အရသာ၊ တီထွင် ဖန်တီးမှုပုံစံနှင့် အခြားသော အမြင်များအပေါ် အခြေခံ၍ မုန့်များကို အဆင့် သတ်မှတ်ကြသည်။ ပထမဆုရရှိသူနှစ်ဦး၊ ဒုတိယဆုသုံးဆုနှင့် တတိယဆု ရရှိသူ ငါးဦးရှိခဲ့သည်။ စစ်သူကြီးမှုက သူမမုန့်ပွဲ၏ "တောက်ပသောလုံနှင့် သံချပ်ကာမြင်းများ" ဖန်တီးမှုပုံစံကြောင့် ဒုတိယဆုများထဲမှ တစ်ခုကို ရရှိခဲ့ သည်။ မျှမျှတတ ပြောရလျှင် သူမ၏ လုပ်ပုံလုပ်နည်းက နည်းပညာ ကျွမ်းကျင်မှု နည်းပါးသေးသည်။ သို့သော်လည်း အပြင်မှ စစ်သူကြီးအများ

အပြားက သူမလက်ရာကို နှစ်သက်သဘောကျကြ၏။ ထို့အပြင် သူမ၏ အနာဂတ်ခင်ပွန်းလောင်းက သူမအား အနိုင်ရအောင် ကူညီပေးရန် အခြား သူများကို အကူအညီတောင်းပြီး ဒုတိယဆုများထဲမှ တစ်ခုကို ဆွတ်ခူးနိုင် စေခဲ့သည်။

ပထမဆုသည် 'ဆန်းသစ်မုန့်ဆိုင်'တွင် ၅၀% လျှော့ဈေး ခွင့်ပြုထားသော အဖွဲ့ဝင်ကတ်တစ်ခု ဖြစ်သည်။ ဒုတိယဆုသည် ၃၀% လျှော့ဈေး အဖွဲ့ဝင် ကတ်ဖြစ်ပြီး တတိယဆုမှာ ၂၀% လျှော့ဈေး အဖွဲ့ဝင်ကတ် ဖြစ်သည်။ မျိုးရိုး မြင့် မိန်းမပျိုလေးများနှင့် ကလေးများသည် 'ဆန်းသစ်မုန့်ဆိုင်' ၏ ခမ်းနား လှတဲ့ ဖွင့်ပွဲအတွက် စိတ်လှုပ်ရှားခဲ့ကြပြီး ဖွင့်လှစ်ပြီးသည်နှင့် လျှော့ဈေး များ၊ ကြီးမားတဲ့ ဈေးလျှော့မှုများ ရှိမည်ကို သိကြသည်။ ထို့ကြောင့် မုန့်ဆိုင် နှင့် ပတ်သက်သည့် သတင်းများကို အလေးအနက် နားစိုက်ထောင်ကြ သည်။

(အရင်အပိုင်းမှာ 'မုန့်ဖန်တီးသူ'လို့ ရေးခဲ့တာကို 'ဆန်းသစ်မုန့်ဆိုင်'လို့ ပြောင်းရေးလိုက်ပါတယ်။)

ယန်လျိုသည် လက်ရှိတွင် 'ကျီနန် အစားအစာနှင့်အအေး' အမှတ် တံဆိပ်အောက်တွင် ရှိသည့် ရေခဲမုန့်နှင့် အချိုပွဲဆိုင်၊ ဆေးဖက်ဝင် ဟင်းလျာဆိုင်တို့ကို တာဝန်ယူနေရသည်။ ရှောင်ချောင်း လက်ထပ်ပြီး နောက် ဤလုပ်ငန်းအားလုံးကို ယွီမိသားစု၏ အမှတ်တံဆိပ်အောက်တွင် ထည့်သွင်းစဉ်းစား၍ မရတော့။ ထို့ကြောင့် သူတို့အားလုံးသည် ၎င်းတို့၏ အမည်များကို 'ယွီ' မှ 'ကျီနန်'အဖြစ်သို့ ပြောင်းလဲခဲ့သည်။ တော်ဝင် မင်းသမီးကျီနန်သည် ထိုအရာအားလုံး၏ ပိုင်ရှင်ဖြစ်ကြောင်း ပြသခဲ့၏။

ယန်လျိုက ဝန်ထမ်းတစ်စုကို လေ့ကျင့်သင်ကြားပေးခဲ့ပြီး သူတို့၏ ကျွမ်းကျင်မှုများသည် ယခုအချိန်တွင် ရင့်ကျက်လာခဲ့သည်။ ယခုအခါ သူ

တို့သည် ရေခဲမုန့်နှင့် အချိုပွဲဆိုင်များကို တာဝန်ယူဆောင်ရွက်နေ၏။ ဆေးဖက်ဝင်ဟင်းလျာဆိုင်က အရေးကြီးတာကြောင့် ယန်လျိုက ထိုဆိုင်နဲ့ ပတ်သက်တဲ့ ကိစ္စမှန်သမျှကို အမြဲတမ်း ကိုင်တိုင်ကိုယ်ကျ ဆောင်ရွက်ခဲ့သည်။ သို့သော် ဆိုင်ရှင်နှင့် စားဖိုမှူး၏ အကူအညီကြောင့် သူမက 'ဆန်းသစ်မုန့်ဆိုင်' ကို ဂရုစိုက်ရန် အားလပ်ချိန်တစ်ခု ရလာခဲ့သည်။

နှစ်ပေါင်းများစွာ အတွေ့အကြုံများ ရှိပြီးနောက် ယန်လျိုသည် ထူးချွန်သည့် ဆိုင်တာဝန်ခံ ဖြစ်လာခဲ့သည်။ ယွီရှောင်ချောင်းက ဆိုင်၏ အခြေခံဒီဇိုင်းကို ရေးသားပြီး ခမ်းနားတဲ့ ဖွင့်ပွဲအတွက် ပြင်ဆင်မှုများ ပြုလုပ်ရန် ယန်လျို့ကို အပြည့်အဝ လုပ်ပိုင်ခွင့်ပေးခဲ့သည်။ မကြာမီ ယန်လျိုက ရှောင်ချောင်း စိတ်ကျေနပ်စေမည့် ပုံစံကို ရေးဆွဲနိုင်ခဲ့သည်။

သို့သော်လည်း 'ဆန်းသစ်မုန့်ဆိုင်'ကို နောက်ဆုံး ဖွင့်လိုက်သည့်အခါ ပိုင်ရှင်ဖြစ်တဲ့ ရှောင်ချောင်းက ဆိုင်ဖွင့်ပွဲတွင် ပါဝင်ဆင်နွှဲဖို့ ပျက်ကွက်ခဲ့သည်။ သူမက မြို့တော်မှ ထွက်ခွာသွားပြီးဖြစ်ကာ ကျန်းနန်ဆီသို့ ဦးတည်တဲ့ တူးမြောင်းကြီးထဲက လှေပေါ်တွင် ရှိနေခဲ့၏။

ခုနစ်ရက်ကြာ ပျားရည်ဆမ်းခရီး ထွက်ပြီးနောက် ဧကရာဇ်မင်းမြတ်က သူမအား နန်းတော်သို့ ဆင့်ခေါ်ခဲ့၏။ တော်ဝင်သံတမန်အဖြစ်နှင့် ကျန်းနန်ရှိ စမ်းသပ်စပါးခင်းများကို စစ်ဆေးရန် သူမအား တောင်းဆိုခဲ့သည်။ လွန်ခဲ့သည့်နှစ်တွင် တော်ဝင်စိုက်ခင်းသည် အထွက်နှုန်းတိုးစေတဲ့ စပါးမျိုးစေ့များကို တီထွင်နိုင်ခဲ့သည်။ ထိုမျိုးစေ့တချို့ကို ကျန်းနန်သို့ ပေးပို့ခဲ့ပြီး နွေဦးရာသီတွင် လယ်ကွင်းများမှာ စိုက်ပျိုးစေခဲ့သည်။ ကျန်းနန်နှင့် မြောက်ပိုင်းဒေသများတွင် မတူညီတဲ့ ရာသီဥတုနှင့် မြေဆီလွှာအမျိုးအစား ရှိတာကြောင့် တောင်ပိုင်းဒေသတွင် စိုက်ပျိုးတဲ့အခါ မြောက်ပိုင်းဒေသများမှ အထွက်နှုန်းမြင့်မားသော မျိုးစေ့များ ပြောင်းလဲသွားမည်ကို ဧကရာဇ်က

ပူပန်နေခဲ့တာ ဖြစ်၏။ ရလဒ်အနေဖြင့် ကျန်းနန်၏ ကျင်းလင်ဇရိယာတွင် ဧကရာနှင့်ချီသည့် စမ်းသပ်ကွင်းများကို သတ်မှတ်ခဲ့သည်။ စမ်းသပ်စိုက်ခင်းများကို တော်ဝင်စိုက်ခင်းမှ ရိတ်သိမ်းထားတဲ့ အထွက်နှုန်းကောင်းသည့် မျိုးစေ့များနှင့် ရောင်ချောင်းဖန်တီးထားတဲ့ ထွက်နှုန်းမြင့် မျိုးစေ့များဖြင့် စိုက်ပျိုးခဲ့သည်။

တောင်ပိုင်းတွင် အပူချိန်မြင့်မားပြီး မိုးများသည်။ ပုံမှန်အားဖြင့် တောင်ဘက်ရှိ စပါးစိုက်ခင်းများသည် မြို့တော်ရှိ လယ်ကွင်းများထက် စပါးအထွက်နှုန်း ပိုများနေသင့်သည်။ သို့သော်လည်း ကျင်းလင်ရှိ စမ်းသပ်လယ်ကွင်း တာဝန်ခံက မြို့တော်သို့ ပြန်လာပြီး မြို့တော်ရှိ စပါးစိုက်ခင်းများကို လှည့်လည်ကြည့်ရှုခဲ့သည်။ သူ့နှလုံးသားတစ်ခုလုံး နစ်မြုပ်သွားသလို ခံစားလိုက်ရသည်။ မြို့တော်ရဲ့ ဆင်ခြေဖုံးတွေမှာ စပါးပျိုးပင်တွေပဲဖြစ်ဖြစ်၊ အပင်ပေါက်တွေပဲဖြစ်ဖြစ် ကျန်းနန်တွင် စိုက်ထားတဲ့ မျိုးစေ့တွေနဲ့ယှဉ်ရင် တစ်လခွဲလောက် နောက်ကျမှ ပွင့်သည်။ သို့သော်ငြား ထိုနေရာတွင် စိုက်ထားတဲ့ ပျိုးပင်များက ကျင်းလင်က စမ်းသပ်စိုက်ခင်းတွင် စိုက်ထားသည့် ပျိုးပင်များထက် ပို၍ ကြံ့ခိုင်နေ၏။ ဒါ ဘာကြောင့်များလဲ??

မြို့တော်၏ ဆင်ခြေဖုံးရပ်ကွက်ရှိ တော်ဝင်စိုက်ခင်းတာဝန်ခံက...

"တော်ဝင်မင်းသမီးကျီနန်ရဲ့ အကူအညီမပါဘဲ အထွက်နှုန်းကောင်းတဲ့ သီးနှံတွေ စိုက်ပျိုးဖို့ မဖြစ်နိုင်ဘူးလေ ဟုတ်တယ်မလား?" ဟူ၍ ဟာသနှောကာ ဆိုလာ၏။

သူပြောတာက နောက်ပြောင်ရုံသာ ဖြစ်ပေမယ့် နားထောင်သူကတော့ ယုံကြည်နေ၏။ ကျင်းလင်ရှိ စမ်းသပ်နယ်ပယ် တာဝန်ခံက ထိုစကားကို ကြားပြီးနောက် ထိုစကားများကို နှလုံးသားထဲတွင် မှတ်ထားခဲ့သည်။

***